# မြန်မာနိုင်ငံအတွက် တရားမျှတမှုသို့ ဦးတည်သည့် ဥပဒေဆိုင်ရာလမ်းကြောင်း ပေါ်ထွက်ခြင်း

၂၈ နိုဝင်ဘာလ၊ ၂၀၁၈ခုနှစ်

မြန်မာနိုင်ငံအတွင်း ကြီးလေးသောလူ့အခွင့်အရေး ကျူးလွန်ဖောက်ဖျက်မှုများ အတွက် တာဝန်ခံမှုရှိစေရန် နှင့် အလားတူ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် အလို့ငှာ လွန်ခဲ့သော စက်တင်ဘာလအတွင်း အခြေခံအုတ်မြစ် တစ်ခုကို တည်ဆောက်ခဲ့ကြသည်။ အဆိုပါ ဆောင်ရွက်ချက်မှာ တစိတ်တပိုင်းဖြစ်သော်လည်း အရေးပါလှ သည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး အသေးစိတ် အကျယ်တဝင့် ဖော်ပြချက်များနှင့် ဆောင်ရွက်သင့်သည်များကို အကြံပြုထားသော စာမျက်နှာ ၄၄၄ မျက်နှာပါ ကုလသမဂ္ဂ အစီရင်ခံစာတစ်စောင်ကို လက်ခံရရှိပြီးသည့်နောက် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကောင်စီ မှနေ၍ နောင်တစ်ချိန်တွင် တရားစီရင်မှုများ ဆောင်ရွက်နိုင်စေရေးအတွက် သက်သေစုဆောင်းရေး လုပ်ငန်းစဉ်အဖွဲ့တစ်ဖွဲ့ ထူထောင်ရေး အချက်ပါဝင်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်သည်။

အဆိုပါ "လွတ်လပ်သော လုပ်ငန်းစဉ်အဖွဲ့" သည် "၂၀၁၁ ခုနှစ် မှစတင်၍ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သည့် အပြင်းထန်ဆုံးသော နိုင်ငံတကာရာဇဝတ်မှုများ နှင့် နိုင်ငံတကာ ဥပဒေ ဖောက်ဖျက်မှုများဆိုင်ရာ သက်သေ အထောက်အထား ရှာဖွေရေး၊ ပေါင်းစပ်ရေး၊ ထိန်းသိမ်းရေး နှင့် စိစစ်လေ့လာရေးတို့အပြင် လွတ်လပ်ပြီး တရားမျှတသော ရာဇဝတ်မှုခင်း ကြားနာမှုများ ချောမွေ့အောင် ဆောင်ရွက်ရေးနှင့် မှတ်တမ်းမှတ်ရာများ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်" တာဝန်ပေးအပ်ခြင်းရရှိ ထားပါသည်။

ယင်း လုပ်ငန်းစဉ် အဖွဲ့အစည်းသည် ဆီးရီးယားနိုင်ငံအတွက် လက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် အဖွဲ့အစည်းနည်းတူပင် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်မည့် နိုင်ငံတွင်း နှင့် နိုင်ငံတကာ ဥပဒေ ‌ ႏ များ၏ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများအတွက် အမှုတွဲ မှတ်တမ်းများကို သတ်မှတ်ထားသည့် တရားရုံးတော်၏စံနှုန်းများနှင့်အညီ ပြင်ဆင်ပေးရန် တာဝန်ရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission – FFM) ၏ အပြီးသတ်အစီရင်ခံစာ အပြည့်အစုံကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကောင်စီသို့ တင်သွင်းခဲ့သည်။ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားခဲ့သော လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် နိုင်ငံတကာ ဥပဒေနှင့် ငြိစွန်းသည့် ရာဇဝတ်မှုများအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များတွင် တာဝန်ရှိကြောင်း၊ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်သည့် ရာဇဝတ်မှုအတွက်ပါ တာဝန်ရှိနိုင်သည့် အနေအထားတွင် ရှိနေကြောင်း ဖော်ပြထားသည်။ အစီရင်ခံစာပါ တွေ့ရှိချက်များအရ ၎င်းကိစ္စရပ်နှင့် စပ်လျဉ်း၍ ရိုးရှင်းပြီးအပြုသဘော ဆောင်သည့် လူထုဆွေးနွေးမှုမျိုး မပြုလုပ်နိုင်အောင်ပင် အခြေခံ လွတ်လပ်ခွင့်များကို ချုပ်ချယ်ကန့်သတ်ထားကြောင်း သိရှိရသည်။

အဆိုပါ တွေ့ရှိချက်များကို မြန်မာနိုင်ငံ အနေအထားနှင့် ချိန်ထိုးကြည့်ပါက အံ့သြစရာ မဟုတ်ပါချေ။ ရိုဟင်ဂျာများ တွေကြုံခံစားရသည်များမှာ အလွန်တရာ ဆိုးဝါးလှသော်လည်း အဆိုပါအမှုတစ်ခုတည်းပင်မဟုတ်ပါ။ နှစ်ပေါင်းခြောက်ဆယ်ကျော် ကာလအတွင်း ရာဇဝတ်ဘေးမှ ပစားပေးခြင်းခံနေရသော တပ်မတော် အဖွဲ့ဝင်များ၏ ကျူးလွန်မှုကို နိုင်ငံတစ်ဝှန်းလုံးရှိ လူထု အသီးသီးမှ စဉ်ဆက်မပြတ် ခံစားခဲ့ကြရသည်။

ဤအချက်ကိုထောက်ရှု သည့်အလျောက် လွတ်လပ်သော လုပ်ငန်းစဉ် အဖွဲ့အစည်းကို တာဝန်ပေးအပ်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသတစ်ခု၊ လအုပ်စုတစ်စုအတွက်ကိုသာ

ကန့်သတ်မထားချေ။ သို့သော်လည်း လုပ်ငန်းစဉ် အဖွဲ့အစည်းအတွက် ဝန်ထမ်းခန့်အပ်မှု ပြီးစီးသည်နှင့် ပြစ်မှုကျူးလွန်မှုများ၏ အတိမ်အနက်အရသော်လည်းကောင်း၊ လူသူငွေကြေးအင်အားပေါ်မူတည်၍ လည်းကောင်း လုပ်ငန်းဆောင်ရွက်မှု ဘောင်သတ်မှတ်သွားမည်ဖြစ်သည်။

အမှုတွဲ မှတ်တမ်းများ ပြင်ဆင်ရန်လိုအပ်နေသေးသဖြင့် ကုလသမဂ္ဂ အနေနှင့် ခုံရုံးဖွဲ့ရန် ဆုံးဖြတ်ချက်မချမှတ်ပါ။

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (International Criminal Court – ICC) အနေနှင့် အဆိုပါရာဇဝတ်မှုများ၏ ကဏ္ဍအချို့ကို ကိုင်တွယ်နိုင်ဖွယ် ရှိသော်လည်း လက်ရှိတွင် အခြေအနေတစ်ခုလုံးကို ကိုင်တွယ်နိုင်သည့် အနေအထား မရှိချေ။ နိုင်ငံတကာ သို့တည်းမဟုတ် အခြားသော နယ်ပယ်များနှင့် စပ်ဆိုင်သည့် တရားစီရင်မှုများပြုလုပ်သည့် အချို့သော နိုင်ငံခြား ခုံရုံးများသည်လည်း အလားတူပင် ကျူးလွန်မှုများအားလုံးတွင်မှ တစိတ်တပိုင်းမျှကိုသာ ကိုင်တွယ်မည့် အနေအထားတွင် ရှိသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများအရ တရားခံများအပေါ် ၎င်းတို့ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအားလုံးအတွက် မျှတသော ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆို ကိုသေချာစေရာတွင် လိုအပ်သော လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ အရည်အချင်းပြည့်ဝမှုနှင့် စီရင်ပိုင်ခွင့်အာဏာတို့သည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင် မရှိပေ။

လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၎င်းတို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ခံစေရန်၊ သို့တည်းမဟုတ် ထိခိုက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ကုစားမှု ရရှိအောင် ထည့်သွင်းစဉ်းစားပေးရန်အတွက် မြန်မာနိုင်ငံ၏ ပြည်တွင်း ဥပဒေအရာရှိများနှင့် တရားသူကြီးများတွင် လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် အရည်အချင်းပြည့်ဝမှု ကင်းမဲ့နေသည်ကို တွေ့ရှိရပြီးဖြစ်သည်။ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် လူ့အခွင့်အရေး လေးစားမှုရှိသည့် စစ်မှန်သော တရားဥပဒေစိုးမိုးရေး ပေါ်ထွန်းလာစရာ မျှော်လင့်ချက်များ ရှိလာသော်လည်း တရားမမျှတမှုများ ဆက်တိုက် ဖြစ်ပေါ်လာသောအခါ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာသည်။ မကြာသေးမီက ရိုက်တာ သတင်းထောက်နှစ်ဦးကို မမှန်မကန် တရားစီရင်ပြီး ပြစ်ဒဏ်ချမှတ်လိုက်ခြင်းမှာ အထူးထင်ရှားသော ကိစ္စဖြစ်သည်။

မကြာမီကကမ်ပိန်းလှုပ်ရှားမှုတွင် ပြည်တွင်း တက်ကြွလှုပ်ရှားသူများက "failed law" စာတန်းပါ ရုပ်အင်္ကျီများဝတ်ဆင်ခဲ့ကြသည်။ လူ့အခွင့်အရေး တောင်းဆိုတိုက်ပွဲ ဝင်နေသူများကို တရားလက်လွတ်စီရင်ပြီး၊ အဆိုးဝါးဆုံးသော လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်သူများကိုမူ (အထူးသဖြင့်စစ်သားများ ပါဝင်နေပါက) ပြစ်ဒဏ်မပေးဘဲထားသည့် စနစ်တစ်ရပ်အပေါ် လူအများ မခံမရပ်နိုင်ဖြစ်သည်ကို ဤတွင်မြင်တွေ့ရသည်။ ရာဇဝတ်ဘေးမှ ပစားပေးထားသည့်အတွက်လည်း အဆိုပါ ပြစ်မှုကျူးလွန်သူများကို အားပေးအားမြှောက် ပြုရာကျပြီး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေကာ အကြမ်းဖက်မှု သံသရာကို ရှည်ကြာစေသည်။

၂၀၁၁ ခုနှစ် တပ်မတော် အစိုးရမှ အရပ်သားတစ်ပိုင်း အစိုးရသို့ အာဏာတစ်ဝက်တစ်ပျက် လွှဲအပ်ပြီးချိန်မှစ၍ အစိုးရ ကော်မရှင်ပေါင်း မြောက်မြားစွာ ဖွဲ့စည်းပြီး စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်များ အပါအဝင် ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခဲ့ကြသည်။ တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် တပ်မတော်၏ ဩဇာလွှမ်းမိုးခြင်းခံနေရခြင်းများ၊ တာဝန်ခံမှုရှိစေရေး သို့မဟုတ် ကုစားမှုရရှိစေရေးတို့အတွက်ကိုမူ မည်သည့်ကော်မရှင်ကမှ ပြောဆိုခြင်းမရှိခဲ့ကြပေ။ လောလောလတ်လတ်ဖြစ်သော အစိုးရကဖွဲ့စည်းပေးလိုက်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်သည်လည်း ထူးမခြားနားဖြစ်ရုံမျှမက ရာဇဝတ်ဘေးမှ ပိုမိုပစားပေးနိုင်ရန် ခိုင်မာသော တာဝန်ခံမှုရှိရေး လုပ်ဆောင်ချက်များကို ကြန့်ကြာစေခဲ့သည်။

အသစ်ဖွဲ့စည်းလိုက်သည့် လုပ်ငန်းစဉ်အဖွဲ့မှ သက်သေအထောက်အထားများ နောင်တစ်ချိန် ထွက်ပေါ်လာသောအခါ ပြည်တွင်း အဖွဲ့အစည်းယန္တရားများသည်လည်း သမာသမတ်ကျမှု၊ အမှီအခိုကင်းလွတ်လပ်မှုရှိခြင်း၊ အရည်အချင်းပြည့်ဝမှုရှိခြင်း၊ လုပ်ကိုင်နိုင်စွမ်းရှိခြင်း စသည့် အရည်အချင်းများ လုံလုံလောက်လောက် ရှိလာတော့မည်ဟု ထင်မှတ်ရပါသည်။ သို့သော်လည်း ဤသို့ဖြစ်လာရန် အချိန်ကာလအားဖြင့် ကြာညောင်းနိုင်ပေမည်။

ဤသို့သော အနေအထားတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (United Nations Security Council – UNSC) အား မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် သို့မဟုတ် ခါတော်မီ ခုံရုံးတစ်ခု ဖွဲ့စည်းပေးရန် အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) အပါအဝင် တောင်းဆိုမှုများ တိုးမြှင့် ပြုလုပ်လာကြသည်။ မြန်မာနိုင်ငံသည် ရောမဥပဒေသဘာတူညီချက် (နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးကို ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာသဘောတူညီစာချုပ်) တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသည့်အတွက် သဘောတူညီချက်တွင် ပြဋ္ဌာန်းထားသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ တရားစီရင်မှုကို ခံယူရန် သဘောမတူပေ (စွပ်စွဲခံရသည့် ကျူးလွန်သူသည် သဘောတူစာချုပ်ပါအဖွဲ့ဝင်နိုင်ငံမှ နိုင်ငံသားဖြစ်ပါမှ ၊ သို့တည်းမဟုတ် အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်း ရာဇဝတ်မှု ကျူးလွန်မှသာလျှင် ခုံရုံးအနေနှင့် ၎င်း၏ စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်ပေလိမ့်မည်)။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ လုံခြုံရေးကောင်စီ (UNSC) မှ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးအပ်မှု ပြုပါက ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့အပြင် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) ၏ ယေဘုယျ တရားစီရင်ပိုင်ခွင့်အား အခြေပြု ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ ရောမသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအပေါ် ဥပဒေ သက်ရောက်မှုရှိသည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) မှ တရားစွဲဆိုသူများက တိုင်ကြားထားသော ရာဇဝတ်မှုများတွင်မှ အစိတ်အပိုင်းတစ်ရပ် သို့မဟုတ် မှုခင်း၏တစိတ်တစ်ဒေသကို ဘင်္ဂလားဒေ့ရှ် ပိုင်နက်အတွင်း ကျူးလွန်ခဲ့ခြင်းရှိမရှိကို ပဏာမ စစ်ဆေးမှု တစ်ရပ်ပြုလုပ်လျက်ရှိသည်။ ဤတွင် ပြည်ပသို့နှင်ထုတ်ခြင်းဆိုင်ရာလူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်း ပါဝင်ပြီး အဓိပ္ပါယ်သတ်မှတ်ချက်အရ နယ်စည်းဖြတ်ကျော်ခြင်း အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံပြင်ပမှ နိုင်ငံများ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အဝေးရောက် အုပ်စုများဘက်မှ နိုင်ငံတကာ ရာဇဝတ်ကြောင်းအရအမှုစွဲဆိုရန်တောင်းဆိုမှုများသည် အကျယ်လောင်ဆုံး ဖြစ်သည်။ ပြည်တွင်းမှ နေ၍လည်း နိုင်ငံတကာ ခုံရုံး (ICC) သို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုမှုများ မြင့်တက်လျက်ရှိသော်လည်း အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းထောက်များနှင့် အခြားသော ဩဇာရှိ ပုဂ္ဂိုလ်များသည် အစိုးရနှင့် အမျိုးသားရေးဝါဒီ အုပ်စုများမှ အငြိုးထားခံရမည်ကို စိုးရိမ်သည့်အတွက် နှုတ်ဆိတ်နေကြသည်။

ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်မှု ဖြစ်စေ နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၏ တရားမျှတမှုသည် မည်သည့်လမ်းကြောင်းပေါ်သို့ ဦးတည်စေကာမူ ထိရောက်သော ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများသည် တာဝန်ခံမှု ရရှိစေရေး၊ နောင်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် တားဆီးရေးနှင့် ကုစားပေးနိုင်ရေးတို့အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်သည်။ ရိုဟင်ဂျာများအပေါ် နှင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ကျူးလွန်ခဲ့မှုများသည် မည်သည့်ခုံရုံးပုံစံကို အသုံးပြုစီရင်သည်ဖြစ်စေ သက်သေအထောက်အထား လိုအပ်မည်ဖြစ်သည့်အလျောက် သက်သေအထောက်အထားများ စုဆောင်းသိမ်းဆည်းရန် နှင့် ပြစ်မှုမှတ်တမ်းများ ပြင်ဆင်ရန်အတွက် လုပ်ငန်းစဉ်အဖွဲ့အစည်းတစ်ရပ် ထားရှိခြင်းသည် အလွန်တရာ အရေးကြီးသော ကိစ္စဖြစ်သည်။ ရုပ်ဝတ္ထုသက်သေအထောက်အထားများ ယိုယွင်းပျက်စီးသွားလျှင်

သော်လည်းကောင်း၊ ဖျက်စီးခံလိုက်ရလျှင်သော်လည်းကောင်း အမှတ်သညာများ မေးမှိန်သွားနိုင်သည်ဖြစ်၍ ကောင်းစွာ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် သက်သေအထောက် အထားများ စုဆောင်းရန် အရေးပေါ် လိုအပ်နေပါသည်။

သမိုင်းကို ခြေရာခံ၍သာမက လက်တလောဖြစ်ရပ်များသက်သေအထောက်အထား မှတ်တမ်းပြုစုမှု အမြောက်အမြားကို ပြည်တွင်းပြည်ပမကျန် (တခါတရံ၌ လွန်စွာ အန္တရာယ်များသော အခြေအနေများကြား၌ပင်) စုစည်းခဲ့ပြီးဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ အထောက်အထားမှတ်တမ်းပြုစုမှုများသည် အမှန်တရားဖော်ထုတ်ရာတွင် ဖြစ်စေ၊ တရားမမျှတမှုကို မီးမောင်းထိုးပြလိုလျှင်ဖြစ်စေ၊ အစိုးရနှင့် အစိုးရမဟုတ်သော ပုဂ္ဂိုလ်များအား အခြေအနေတစ်ရပ်ကို ကိုင်တွယ်လာအောင် ဖိအားပေးရာတွင် ဖြစ်စေ လွန်စွာ အရေးကြီးပါသည်။

ရှေ့အတွေ့အကြုံများ၏ သင်ကြားချက်အရ အနိဋ္ဌာရုံရာဇဝတ်မှုများကို မှတ်တမ်းပြုစုရာတွင် ဖြစ်နိုင်ပါက အတွေ့အကြုံ အရှိဆုံး၊ လူသူပစ္စည်းအစုံလင်ဆုံး နှင့် ဘာသာရပ်နယ်ပယ်ပေါင်းစုံမှ အဖွဲ့များနှင့် ပြုလုပ်သင့်သည်။ မှတ်တမ်းပြုစုရာတွင် အဓိက အရေးကြီးဆုံး ကျင့်ဝတ်မှာ "ထိခိုက်မှုမရှိစေရေး" ဖြစ်သည်။ ဥပမာ ဆိုရသော် အသက်ရှင်လွတ်မြောက်လာသူများကို အင်တာဗျူးမပြုလုပ်မီ ဆောင်ရွက်ရန် ရှိသည်များကို ပူးပေါင်းဆောင်ရွက်ထားပြီး၊ ၎င်းတို့အပေါ် ကျရောက်လာနိုင်သော ခြိမ်းခြောက်မှု နှင့် ဘေးဥပါဒ် အန္တရာယ်များကို ဂရုတစိုက် စဉ်းစားပေးခြင်းဖြင့် ထိခိုက်မှုများမှ ရှောင်နိုင်သမျှ ရှောင်ရှားပေး ပါလိမ့်မည်။ လူတစ်ဦးတည်းအား အကြိမ်ကြိမ်အဖန်ဖန် အင်တာဗျူးလုပ်ခြင်းဖြင့် ယင်း၏ စိတ်ဒဏ်ရာကို ပြန်လည်တူးဆွသလိုဖြစ်ရုံသာမက နောင်အခါ တရားစွဲဆိုမှုများအတွက်ပါ ထိခိုက်သွားစေနိုင်သည်။

လွတ်လပ်မှုရှိသော လုပ်ငန်းစဉ်အဖွဲ့သည် အဆိုပါ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ပေလိမ့်မည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် အခြေခံမှုများ ချမှတ်ရန် ရက်ပေါင်း ၂၀ အချိန်ရပြီး ယင်းနောက်၌ အဆိုပါ အခြေခံမှုများကို အကောင်အထည်ဖော်ရန် ၁၂ လ အထိ အချိန်ယူနိုင်သည် (မှတ်တမ်းပြုစုမှုတွင် လစ်ဟာမှုများရှိပါက ဖြည့်ဆည်းပေးရန် အလို့ငှာ မစ်ရှင် (FFM) အတွက် လွှဲအပ်ပေးထားသည့် အာဏာရပ်ကို သက်တမ်းတိုးမြှင့်ပေးလိုက်ပြီးဖြစ်သည်)။ အဓိကထား စဉ်းစားရမည့် အပိုင်းမှာ လက်ရှိ သို့မဟုတ် အလားအလာရှိသော ပြည်တွင်း နှင့် နိုင်ငံတကာ တရားစီရင်ရေး စနစ်များ (နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC)၊ တရားစီရင်ခွင့်ရှိသည့် နိုင်ငံခြားတရားရုံး သို့မဟုတ် နောင်တစ်ချိန် မြန်မာနိုင်ငံအတွင်း၊ သို့မဟုတ် ယင်းတို့ကို ပေါင်းစပ်၍) ကို အားဖြည့်ပေးရန် ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ရာဇဝတ်ဆိုင်ရာတာဝန်ခံမှုရှိစေရန် ဆောင်ရွက်ခြင်းသည် တရားမျှတမှု ရရှိရေးအတွက် လက်နက်ကိရိယာတစ်ခုမျှသာဖြစ်ပြီး နစ်နာဆုံးရှုံးရမှုများကို အကုန်အစင် အဖတ်ဆယ်ပေးနိုင်မည် မဟုတ်ပေ။ သို့သော်လည်း ဤသို့ဆောင်ရွက်ခြင်းဖြင့် ဒုက္ခသည်များကို ကူညီရာရောက်သည့် အပြင် မြန်မာနိုင်ငံကိုလည်း လူ့အခွင့်အရေး ချိုးဖောက်မှု သံသရာမှ လွတ်မြောက်အောင် ကူညီပေးနိုင်ပေလိမ့်မည်။

တချိန်ချိန်တွင် ရာဇဝတ်မှုဆိုင်ရာ ရုံးတင်စစ်ဆေးမှုများ လိုအပ်လာမည်ဖြစ်ပြီး ဤတွင် အခြားစိန်ခေါ်မှုများ ထပ်မံပေါ်ထွက်လာပေလိမ့်ဦးမည်။ သို့သော်လည်း လက်ရှိအနေအထားတွင် လွတ်လပ်မှုရှိသော လုပ်ငန်းစဉ် အဖွဲ့ ဖွဲ့စည်းလိုက်ခြင်းနှင့်အတူ တာဝန်ခံမှုရှိစေရန်ဆောင်ရွက်ရေး အခြေခံအုတ်မြစ်ကို တည်ဆောက်ပြီး ဖြစ်လေသည်။ မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် ငြိမ်းချမ်းရေးရရှိစေလိုသူတိုင်း ဤကိစ္စကို ဝိုင်းဝန်းထောက်ခံပေလိမ့်မည်။

ရှောင်ဘိန်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (International Commission of Jurists – ICJ) နှင့်အတူ အလုပ်လုပ်ကိုင်သည့် ဥပဒေရေးရာအကြံပေးဖြစ်သည်။ ဤဆောင်းပါးအား ၄ရက်နေ့ အောက်တိုဘာလ ၂၀၁၈ခုနှစ်တွင် "Asia Times" အွန်လိုင်းတွင် ဖြန့်ဝေခဲ့ပြီးဖြစ်သည်။